# ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
## အမျိုးသားကာကွယ်ရေးနှင့်လုံခြုံရေးကောင်စီ

စစ်အုပ်ချုပ်ရေးအမိန့်ထုတ်ပြန်ခြင်း

ဥပဒေကဲ့သို့အာဏာတည်သောအမိန့်အမှတ်၊ ၂ /၂၀၂၅

၁၃၈၇ ခုနှစ်၊ ဝါခေါင်လဆန်း ၇ ရက်

(၂၀၂၅ခုနှစ်၊ ဇူလိုင်လ ၃၁ ရက်)

၁။ ဥပဒေကဲ့သို့ အာဏာတည်သောအမိန့် ( ၁ / ၂၀၂၅) ဖြင့် အရေးပေါ်အခြေအနေကြေညာထားသည့် မြို့နယ်များတွင် အုပ်ချုပ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေးတို့သည် မူလအခြေအနေသို့ ပြန်လည်ရောက်ရှိစေခြင်းငှာ ပြည်ထောင်စုသမ္မတမြန်မာ နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၄၁၃၊ ပုဒ်မခွဲ (ခ) အရ စစ်အုပ်ချုပ်ရေးအမိန့်ထုတ်ပြန်၍ အဆိုပါမြို့နယ်များ၏ အုပ်ချုပ်ရေးနှင့် တရားစီရင်ရေး တာဝန်များကို တပ်မတော်ကာကွယ်ရေးဦးစီးချုပ်အား အပ်နှင်းလိုက်သည်။

၂။ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်သည် ယင်းလုပ်ပိုင်ခွင့်နှင့် တာဝန်များကို မိမိကိုယ်တိုင် ကျင့်သုံးဆောင်ရွက်ခြင်း သို့မဟုတ် သင့်လျော်သည့် စစ်ဘက်အာဏာပိုင်တစ်ဦးဦးကို ကျင့်သုံးဆောင်ရွက်စေခြင်း ပြုနိုင်သည်။

၃။ ဤအမိန့်သည် ယနေ့မှစ၍ ရက်ပေါင်း (၉၀) အထိ အတည်ဖြစ်သည်။

ပုံ

မင်းအောင်လှိုင်

ဗိုလ်ချုပ်မှူးကြီး

ယာယီသမ္မတ(တာဝန်)